# သင်ယူမှုနှင့် တာဝန်ခံယူမှုအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း(MEAL)

## လုပ်ဖော်ကိုင်ဖက်များအတွက် လမ်းညွှန်ချက်များ

(LIFTသို့တင်ပြမည့် အကြံအစည်ဖော်ပြချက်နှင့် အဆိုပြုလွှာပြုစုရာတွင် အသုံးပြုရန်)

### နောက်ခံအခြေအနေ

LIFT၏ မဟာဗျူဟာအသစ်(၂၀၁၅-၂၀၁၈)အရ LIFTကို အသိအမြင်ဆိုင်ရာသုတစင်မြင့်တစ်ခု ဖြစ်ရန် မျှော်မှန်းထားသည်။ ထို့ကြောင့် LIFTသည် သင်ယူမှုနှင့်မူဝါဒကို ဩဇာသက်ရောက်ရေးကို များစွာအလေးပေးနိုင်ရန်အတွက် မိမိ၏ စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း(MEAL) မူဘောင်ကို (၁)LIFTတစ်ခုလုံး၊ (၂)LIFTဒေသ စီမံကိန်းများ ၊(၃)LIFTစီမံချက်များဟူ၍ အဆင့်သုံးဆင့် ခွဲခြားထားသည်။ LIFTစီမံချက်များသည် LIFTနယ်ပယ်ဒေသ နှင့် သက်ဆိုင်သောစီမံကိန်းများသို့ သီးခြား ဆောင်ရွက်ချက်များအဖြစ် ပါဝင်ကြပြီး၊ LIFT နယ်ပယ်ဒေသ နှင့် သက်ဆိုင်သောစီမံကိန်းများမှာလည်း LIFT၏ရလဒ်မူဘောင်ကို အကြောင်းအရာအလိုက် အကောင်အထည်ဖော်နေကြရသည်။ ဤမှတ်စုတွင် ပထမအဆင့် နှစ်ဆင့်အကြောင်းကို ခြုံငုံဖော်ပြမည်။ (ယင်းတို့မှာ LIFTရန်ပုံငွေမန်နေဂျာ၏ တာဝန်ဖြစ်သည်။) တတိယအဆင့်ကိုမူ အသေးစိတ် ဖော်ပြမည်။ လုပ်ဖော်ကိုင်ဖက်(IP)များက ယင်းတို့၏စီမံချက်များတွင် MEALဆိုင်ရာအစိတ်အပိုင်းကို ပြုစုရာတွင် လမ်းညွှန်အဖြစ် အသုံးပြုရန်ဖြစ်သည်။

### LIFT အဆင့်

ပထမအဆင့်တွင် LIFTသည် ရလဒ်မူဘောင်ကို သတ်မှတ်ထားသည် (နောက်ဆက်တွဲ၁ကိုကြည့်ပါ)။ ယင်းတွင် LIFT၏ မဟာဗျူဟာကို အကျဉ်းချုပ်ဖော်ပြထားသည့်အပြင် LIFTက အကျိုးရလဒ်များ ထွက်ပေါ်စေလိုသည့် အပြောင်းအလဲ နယ်ပယ်ကြီးများကို ဖော်ပြထားရုံသာမက ယင်းအကျိုးရလဒ်များကိုရရှိအောင် ဆောင်ရွက်မည့်နည်းများကိုလည်း ဖော်ပြထားသည်။ ယင်းအကျိုးရလဒ်များတွင် LIFT၏ပန်းတိုင်၊ LIFT၏တာဝန်အဆင့် ရေရှည်အကျိုးရလဒ်၄ရပ်၊ စီမံကိန်းအဆင့် ရလဒ်ရရပ်တို့ ပါဝင်ပြီး စီမံကိန်းအမျိုးမျိုးဖြင့်ရယူရန် LIFTကရည်မှန်းထားသည်။ ယင်းတို့ကို ယေဘုယျစည်းကမ်းများဖြင့် ဖော်ပြထားပြီး ပြောင်းလွယ်ပြင်လွယ်မှုလည်း ရှိသည်။ LIFTက လုပ်ငန်းဆောင်ရွက်နေသော ထွေပြားလှသည့် ဒေသအခြေအနေများနှင့် ကိုက်ညီအောင် ကျင့်သုံးနိုင်သည့် ဤရလဒ်များကို LIFT၏ ယုတ္တိဗေဒမူဘောင်နှင့် တိုက်ဆိုင်စစ်ဆေးသည်။ ထိုသို့စစ်ဆေးရာတွင် ဗဟိုကကောက်ယူထားသော ကိန်းဂဏန်းများကိုသာ အဓိကအားကိုးသည်။ LIFTတစ်ခုလုံး၏အောင်မြင်မှုကိုမူ ရလဒ်မူဘောင်ပါ သတ်မှတ်ချက်များဖြင့် စီစစ်အကဲဖြတ်သည်။

### နယ်ပယ်ဒေသ နှင့် သက်ဆိုင်သောစီမံကိန်းအဆင့်

LIFTသည် နယ်ပယ်ဒေသအလိုက် ပြုလုပ်သူဗဟိုပြု "ပြောင်းလဲမှုဆိုင်ရာသီအိုရီ"[1](ToC)များကို ပြုစုထားသည်။ ဤToC များတွင် စီမံကိန်းက ရရှိရမည်ဖြစ်သော အကျိုးရလဒ်များကို ဖော်ပြထားသည် (ToC နှင့်ပတ်သက်၍ အောက်တွင် ကြည့်ပါ)။ ယင်းအကျိုး

---

[1] ပြုလုပ်သူအများအပြား၏ အမူအကျင့်များ ယင်းတို့အချင်းချင်းဆက်ဆံရေးများကို ပြောင်းလဲမှုနှင့် ရလဒ်တို့က မှီတည်နေသော အခြေအနေတွင် ပြုလုပ်သူဗဟိုပြုပြောင်းလဲမှုဆိုင်ရာသီအိုရီ(ToC)ကို အသုံးပြုသည်။ လိုလားသည့် ဆောင်ရွက်မှုပန်းတိုင် (အဆင့်မြင့်အကျိုး သို့မဟုတ် မျှော်မှန်းချက်)ကို ရရှိရန်အတွက် မည်သည့်ပြုလုပ်သူတို့က မည်သို့ပြုလုပ်ရမည်ကို သတ်မှတ်ပေး သည်။ ယခင်ကမူ

ရလဒ်များတွင် တာဝန်အဆင့်အကျိုးများနှင့် စီမံကိန်းအဆင့်ရလဒ်များ ပါဝင်သည်။ ဒေသစီမံကိန်းတိုင်းတွင် အဆိုပြုလွှာခေါ်ယူခြင်း ပါဝင်သည်။ ယင်းကို စီမံကိန်း၏ရလဒ်များက လမ်းညွှန်နေပြီး သက်ဆိုင်ရာစီမံချက်၏ ရလဒ်ဆိုင်ရာသတင်းအချက်အလက်များကို အဆိုပြုလွှာတင်သွင်းသူတို့က အသုံးပြုနိုင်ရန် ဖော်ပြထားသည်။ToCများတွင် စီမံကိန်းအစိတ်အပိုင်းများ (ဥပမာ။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အကြံပေး ဝန်ဆောင်မှု၊ လူမှုရေးအကာအကွယ်၊ အာဟာရပြည့်ဝမှု၊ ရွှေ့ပြောင်းသွားလာရေး စသည်)တို့ကို မည်သို့ ပူးပေါင်း ဆောင်ရွက်မှသာ စီမံကိန်းရလဒ်များ ထွက်ပေါ်မည်ကိုလည်း ဖော်ပြထားသည်။ ဒေသစီမံကိန်းToCများကို LIFTနှင့် အဓိကပတ်သက်ဆက်နွယ်နေသူတို့က အကြိုလိုအပ်ချက်များ ဆုံးရှုံးနိုင်မှုများကို ဖော်ထုတ်ရာတွင်လည်းကောင်း၊  မူဝါဒနှင့် လက်တွေ့ကျင့်သုံးမှုတို့ကို တိုးတက်အောင်ပြုပြင်ရာတွင်အသုံးဝင်မည်ဖြစ်သော၊ နယ်ပယ်ဒေသ နှင့် သက်ဆိုင်သောစီမံကိန်းမှ ပေါ်ထွက်လာရန်မျှော်လင့်ထားသော အထောက်အထားများနှင့်သက်ဆိုင်သည့် အကဲဖြတ်ရေး သင်ယူရေးဆိုင်ရာ မေးခွန်းများကို သတ်မှတ်ရာတွင်လည်းကောင်း အခြေခံအဖြစ်အသုံးပြုနိုင်သည်။ နယ်ပယ်ဒေသ နှင့် သက်ဆိုင်သော ToCများကို LIFT ရန်ပုံငွေ မန်နေဂျာက ရေးဆွဲပြီး စီမံခန့်ခွဲသည်။ IPများသည် လုပ်ငန်းအကောင်အထည် ဖော်နေစဉ်အတွင်းတွင် နယ်ပယ်ဒေသ နှင့် သက်ဆိုင်သော ToCများ ကို ပြန်လည်ပြုပြင် ပြင်ဆင်ခြင်းများ နှင့် အမြဲကျင့်သုံးသွားရမည် ဖြစ်သည်။

## စီမံချက်အဆင့်

စီမံချက်အဆင့်တွင်မူ MEALမူဘောင်သည် IPများအတွက် အပြောင်းအလဲအချို့ကို ဖော်ပြထားသည်။ ယခင်က IPများသည် LIFT၏ယုတ္တိမူဘောင်နှင့် နှိုင်းယှဉ်ကာ အစီရင်ခံခဲ့ကြရသည်။ MEALမူဘောင်အသစ်အရ IPတို့သည်  အောက်ပါတို့ကိုဦးတည်၍ ယင်းတို့၏ စောင့်ကြည့်အကဲဖြတ်မှုကို ဆောင်ရွက်ရမည်_

- သက်ဆိုင်ရာစီမံချက်နှင့်သက်ဆိုင်သောရလဒ်များ၊ အညွှန်းများ၊ မေးခွန်းများ(ယခင်ကမူ ယင်းတို့အနက် အချို့သည် LIFT၏ ယုတ္တိမူဘောင်နှင့် သက်ဆိုင်ခဲ့သည်)၊
- မည်သည်က အလုပ်ဖြစ်သည်၊ မည်သည်က အလုပ်မဖြစ်၊ အဘယ့်ကြောင့်မဖြစ်သည်၊
- သင်ယူမှု၊ ယင်းကိုအခြေခံကာ လုပ်ငန်းကိုတိုးတက်အောင် လုပ်ဆောင်မှု၊
- မူဝါဒနှင့် လက်တွေ့ကျင့်သုံးမှုဆိုင်ရာ သတင်းအချက်အလက်များကို ပေးနိုင်မည့် အထောက်အထားများကို စီမံချက်များမှ ဖော်ထုတ်ခြင်း၊

စီမံချက်အဆင့်MEALမူဘောင်သည် အောက်ပါအစိတ်အပိုင်းသုံးခုကိုမှီတည်မည်ဖြစ်သည်- (၁) စီမံချက်ပြောင်းလဲမှုဆိုင်ရာ သီအိုရီ (၂) စီမံချက်တိုင်းတာရေးစီမံချက်(MP) (၃) စီမံချက်အကဲဖြတ်မှုနှင့် သင်ယူမှုစီမံချက်(ELP)။ ဤ အစိတ်အပိုင်းတို့ကို အောက်တွင်ဖော်ပြထားသည်။ နောက်ဆက်တွဲများတွင် ယင်းတို့၏ဇယားများကို ဥပမာများနှင့် ဖော်ပြထားသည်။

## ပြောင်းလဲမှုဆိုင်ရာသီအိုရီ

IPများသည် ယင်းတို့၏လုပ်ငန်းများအတွက် ရှင်းလင်းပြတ်သားသော ပြောင်းလဲမှုဆိုင်ရာသီအိုရီကို ပြုစုထားရန် လိုအပ်သည်။ ယင်းတွင် အဆိုပြုလွှာခေါ်ယူစဉ်ကဖော်ပြထားသော စီမံကိန်းရလဒ်များကိုရရှိအောင် ဤစီမံချက်က မည်သို့ ဆောင်ရွက်မည်ကို ဖော်ပြရမည်။ စီမံချက်တစ်ခုသည် မည်သို့ပြောင်းလဲသွားမည်ကို ToCက ရှင်းလင်းပြတ်သားစွာ ဖော်ပြသည်။ ထို့ကြောင့်

---

ယင်းတို့ကို ထုတ်လုပ်မှုဟု ဖော်ပြခဲ့ကြသော်လည်း ဤပြောင်းလဲမှုများကို ရလဒ်များဟု သိရှိထားသည်။ အကြောင်း မှာ ToCအကောင်အထည်ဖော်သူတို့က ယင်းတို့ကို ထိန်းချုပ်မထားနိုင်သောကြောင့် ဖြစ်သည်။

ToCသည် စောင့်ကြည့်အကဲဖြတ်ရေးနည်းကိရိယာ သာမက ဆက်သွယ်ရေးနည်းကိရိယာလည်း ဖြစ်သည်။ ထို့ပြင် အောက်ပါတစ်ခုခုတို့ဖြင့်လည်း အထောက်အကူပေးနေသည် (၁) လုပ်ငန်း ဆောင်ရွက်ခြင်းမှ ထွက်ပေါ်လာမည့် ရလဒ်များကို သတ်မှတ်ခြင်း (၂)လိုလားသောပြောင်းလဲမှုတို့ ထွက်ပေါ်လာစေမည့် ကြောင်း ကျိုးဆက်စပ်မှုလမ်းကြောင်းများကို သတ်မှတ်ခြင်း။ ထို့ပြင် ToCကို အောက်ပါတို့အတွက်လည်း အသုံးပြုနိုင်သည်။ (၃) ကြောင်းကျိုးဆက်စပ်မှုလမ်းကြောင်းတို့က အခြေခံရမည့် ယူဆချက်များကို သတ်မှတ်ရန် (၄) ပြောင်းလဲမှုကို နောက်ကြောင်းပြန်လိုက်ရာတွင် အသုံးပြုမည့် တိုင်းတာရေးစီမံချက်ကို ရေးဆွဲရန် (၅) ရှင်းလင်းသည့် အသုံးဝင်သည့် အကဲဖြတ်ခြင်း သင်ယူခြင်းဆိုင်ရာ မေးခွန်းများကို ပြုစုရန် (၆) ပတ်သက်ဆက်နွယ်နေသူအမျိုးမျိုး၏ အဆင့်အမျိုးမျိုးရှိ သင်ယူမှုလုပ်ငန်းစဉ်များကို ဖွဲ့စည်းပေးရန်။

စီမံချက် ToCတွင် အောက်ပါတို့ကို ဖော်ပြရန် လိုအပ်သည်_

- စီမံချက်က ဆောင်ရွက်ပေးလိုသည့် စီမံကိန်းရလဒ်များ၊
- ဤစီမံကိန်းရလဒ်များကိုဖြစ်ပေါ်စေမည့် စီမံချက်ရလဒ်များ အဆင့်ဆင့်၊
- ဤစီမံချက်ရလဒ်များကိုဖြစ်ပေါ်စေမည့် ထုတ်လုပ်မှုများ (ဆိုလိုသည်မှာ ဤပြောင်းလဲမှုများဖြစ်ပေါ်စေရန် စီမံချက်များက မည်သည်ကိုလုပ်ရမည်)၊
- ဤထုတ်လုပ်မှုများကို မည်သည့်အဓိကလုပ်ရှားမှု လုပ်ဆောင်မှုများက ဖြစ်ပေါ်စေမည်၊
- လုပ်ဆောင်မှုများ၊ ထုတ်လုပ်မှုများ၊ ရလဒ်များတို့၏ ကြောင်းကျိုးဆက်သွယ်မှုများ၊

စီမံကိန်းအဆင့်ရလဒ်များကို အဆိုပြုလွှာခေါ်ယူမှုတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ရမည်။ စီမံကိန်းအဆင့် ရလဒ်များ၊ ထုတ်လုပ်မှုများအားလုံးကို အတိကျအပြတ်သားဆုံးဖော်ပြရမည်။ ယင်းတို့နှင့်သက်ဆိုင်သော ဆောင်ရွက်သူ လှုပ်ရှား သူတို့ကို ဖော်ပြသင့်သည်။ ဇယားကွက်များကို လိုက်ကြည့်သွားရုံဖြင့် သူစိမ်းတစ်ယောက်သည် စီမံချက်များ၏ ကြောင်းကျိုးဆက်စပ်ပုံကို နားလည်စေသင့်သည်။ ToCသည် ထိုစီမံချက်၏ တိုင်းတာရေး (အချက်အလက် ကောက် ယူခြင်း) စီမံချက်များနှင့် စောင့်ကြည့်အကဲဖြတ်စီမံချက်များကို ပြုစုရာတွင် အသုံးပြုနိုင်သည်။

ToCဇယားတစ်ခုကို ဥပမာများနှင့် နောက်ဆက်တွဲ၂တွင် ဖော်ပြထားသည်။

## တိုင်းတာရေးစီမံချက်

IPများသည် တိုင်းတာရေးစီမံချက် (ပို၍ ရှင်းအောင်ပြောရလျှင် အချက်အလက်ကောက်ယူရေးစီမံချက်) တစ်ခုကို ရှင်းလင်းစွာ ပြုစုထားရန် လိုအပ်မည်။ ယင်းတွင် မိမိ၏ToCတွင်ပါသော ထုတ်လုပ်မှုများ ရလဒ်များရရှိမှုကိုညွှန်းပြသည့် မည်သည့် ကိန်းဂဏန်း အချက်အလက်တို့ကို ကောက်ယူမည်ကို ဖော်ပြထားရမည်။ ယင်းအချက်အလက်တို့ကို မည်သည့်နည်းကိရိယာများဖြင့် မည်သူက မည်သည့်အချိန်အပိုင်းအခြားတိုင်း ကောက်ယူမည်ကိုလည်း ဖော်ပြရမည်။ မည်သို့ ထိန်းသိမ်းမည်၊ သုံးသပ်မည်၊ သုံးစွဲမည် ဆိုသည့် အသေးစိတ်တို့ကို အဆိုပြုလွှာများတွင် ဖော်ပြနိုင်သည်၊ သို့မဟုတ် နောင်မှ ပြုစုနိုင်သည်။ ယင်းအချက်အလက်တို့တွင် ပျံ့နှံ့မှု၊ ထုတ်လုပ်မှု၊ ရလဒ်၊ တုံ့ပြန်ပြောဆိုမှုဆိုင်ရာ အချက်အလက်တို့ ပါဝင်ရမည့်အပြင် သက်ဆိုင်ရာစီမံချက်နှင့်သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်နိုင်စွမ်းဆိုင်ရာ အခြားအညွှန်းများကိုပါ ဖော်ပြရမည် (ဥပမာ။ MFIများ၏ ငွေကြေးအချိုး)။ အရေအတွက်ပြ အညွှန်း သာမက အရည်အချင်းပြအညွှန်းများလည်း ဖြစ်နိုင်သည်။ နစ်စဉ်ရည်မှန်းချက်နှင့်ယှဉ်ကာ အညွှန်းများကို စာတိုင်ခွဲကာ ဖော်ပြရမည်။

တိုင်းတာရေးစီမံချက်ဇယားကို ဥပမာများနှင့်နောက်ဆက်တွဲ၃တွင် ဖော်ပြထားသည်။

ထို့ပြင် စီမံချက်အတွက် အဓိကရည်မှန်းချက်များ ဆောင်ရွက်ပြီးစီးမှုများ ပါဝင်သည့် ဖော်ပြချက်တစ်စုံကိုလည်း ဖော်ပြထားသင့်သည်။ တိုင်းတာရေးစီမံချက်တွင် ဖော်ပြထားသော အညွှန်းအုပ်စုခွဲကို အခြေခံကာ လုပ်ငန်းပြီးစီးရမည့်ရက်စွဲနှင့် ရည်မှန်းထားသော အရေအတွက်ကိုလည်း (လိုအပ်ပါက) ဖော်ပြထားသင့်သည်။ စီမံချက်သည် ရည်မှန်းထားသောအချိန် အစဉ်အတိုင်း၊ မျှော်လင့်ထားသလောက် ဆောင်ရွက်ပြီးမပြီးကို ထင်ရှားပေါ်လွင်စေမည့် ရည်မှန်းချက်များ၊ ဆောင်ရွက်ပြီးစီးမှုများကို ရွေးချယ်သတ်မှတ်ထားသင့်သည်။ စီမံချက်တစ်ခုအတွက် ဆောင်ရွက်ပြီးစီးမှု ဆယ်ခုမှဆယ့်နှစ်ခုထိ သတ်မှတ်ထားလျှင်လုံလောက်သည်။

အယူအဆဖော်ပြချက်/အဆိုပြုလွှာတို့တွင် ဖော်ပြသင့်သည့် ဆောင်ရွက်ပြီးစီးမှုနှင့် အညွှန်းများကို အောက်ပါ ဇယား တွင် နမူနာပြထားသည်။

| | ဆောင်ရွက်ပြီးစီးမှု | ရည်မှန်းချက် | ရက်စွဲ |
|---|---|---|---|
| ၁ | စီမံချက်စတင်သည့် အလုပ်ရုံဆွေးနွေးပွဲ | မရှိ | ၂၀၁၅ခုနှစ် နိုဝင်ဘာလ |
| ၂ | ပင်မအုပ်စုများဖွဲ့စည်းခြင်း | အုပ်စု၁၀၀ | ၂၀၁၆ခုနှစ် ဇန်နဝါရီလ |

## အကဲဖြတ်ရေးသင်ယူရေးစီမံချက်

LIFT၏ ဒေသစီမံကိန်းတိုင်းတွင် စီမံကိန်းအဆင့် အကဲဖြတ်ရေး သင်ယူရေးဆိုင်ရာ မေးခွန်းများ ရှိကြသည်။ IPများ သည် မည်သည့်မေးခွန်းများကို ဖြေဆိုရန်အတွက် ယင်းတို့၏စီမံချက်က ကူညီမည်ကို ရှင်းလင်းစွာဖော်ပြရမည်။ ဥပမာအားဖြင့် စီမံချက်တိုင်းနှင့်သက်ဆိုင်သော မေးခွန်းတစ်ခုမှာ - ရလဒ်များကိုရခဲ့သော်လည်း မည်မျှထိရောက်သည်၊ ငွေကုန်ရကျိုးနပ်သည်ကို မေးခြင်းပင် ဖြစ်သည်။ စီမံကိန်းအဆင့် အကဲဖြတ်ရေး သင်ယူရေးဆိုင်ရာ မေး ခွန်းများအပြင် ယင်းတို့၏ သင်ယူရေးဦးစားပေးမှုများ စိတ်ဝင်စားမှုများအရ ထပ်မံဖြည့်စွက်လိုသည့် မေးခွန်းများ လည်းရှိနိုင်သည်။ ယင်းမေးခွန်းများသည် အဘယ့်ကြောင့် အရေးကြီးသည်/စိတ်ဝင်စားသည်ကို လည်းကောင်း၊ ယင်းမေးခွန်းများကို ဖြေဆိုရန်အတွက် စီမံချက်က အသုံးပြုမည့်နည်းလမ်းများ နည်းနာများကို လည်းကောင်း ဖော်ပြရမည်။ စီမံချက်တစ်ခုသည် မေးခွန်း၁၀ခုထက်ပို၍ အဆိုမပြုသင့်ပေ (ယင်းတွင် အသေးစိတ်မေးခွန်းခွဲများ မပါဝင်ပါ)။

အကဲဖြတ်ရေးသင်ယူရေးစီမံချက်တွင် စီမံချက်အခြေခံမျဉ်းချမှတ်ရေးအတွက် အစီအစဉ်အသေးစိတ်လည်း ပါဝင်သည်။ ယင်းသည် အောက်ပါတို့ကိုပေးအပ်ရမည် _

- **တိုးတက်မှုကိုထောက်လှမ်းမည့် အခြေခံမျဉ်း။** ပထမအကြော့ အချက်အလက်ကောက်ယူချက်ဖြစ်သည်။ ယင်းကို လုပ်ငန်းဆောင်ရွက်စဉ် စောင့်ကြည့်စစ်ဆေးရာမှရရှိသော ရလဒ်များနှင့် နှိုင်းယှဉ်ကာ လုပ်ငန်းတိုးတက်မှု/စွမ်းဆောင်ရည်ကို ဖော်ထုတ်မည်ဖြစ်သည်။

- **ယခင်နှင့်ယခုနှိုင်းယှဉ်ရန် အခြေခံ။** လုပ်ငန်းဆောင်ရွက်ရာတွင် စီမံချက်တစ်ခုက ပြုလုပ်ခဲ့သော ပြောင်းလဲမှုကို သုံးသပ်ချက်ဖြစ်သည်။[၂]
- **ဖွဲ့စည်းပုံသုတေသန။** စီမံချက်ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုကို ပြန်လည်ပြုပြင်မွမ်းမံရန်။

အကဲဖြတ်ရေးသင်ယူရေးစီမံချက်မေးခွန်းများအတွက် ပုံစံတစ်စောင်ကို ဥပမာများနှင့်အတူ နောက်ဆက်တွဲ၄တွင် ဖော်ပြထားသည်။

## စောင့်ကြည့်အကဲဖြတ်/သင်ယူရေးစွမ်းရည်

ဤမှတ်စုတွင်ဖော်ပြထားသည့် လိုအပ်ချက်များ၊ မျှော်မှန်းချက်များသည် အချို့သောIPများ၊ စောင့်ကြည့် အကဲဖြတ်မှု အတွေ့အကြုံနှင့် စွမ်းဆောင်ရည်အဆင့်အမျိုးမျိုးရှိကြသော IPများအတွက် အသစ်အဆန်းဖြစ်နေမည်၊ စိန်ခေါ်နေ မည်ကို LIFTရန်ပုံငွေမန်နေဂျာက အသိအမှတ်ပြုပါသည်။ LIFTသည်လည်း စောင့်ကြည့်အကဲဖြတ်ခြင်းကို စိတ်ဝင်စားသော၊ အလေးအနက်ဆောင်ရွက်ရန် စိတ်နှစ်ထားသော မိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်ရန် စိတ်နှစ်ထားပါသည်။ ပဏာမ ရွေးချယ်ထားသော IPများ၏ စီမံချက်ToCများ၊ ELPများ၊ MPများကို ပြုပြင်မွမ်းမံရာတွင် ထောက်ပံ့ကူညီရန် ရည်ရွယ်ပါသည်။ နောက်ဆုံးအတည်မပြုမီ ကန်ထရိုက်မစမီ ToCများကိုသဘောတူညီထားရမည်ဖြစ်သော်လည်း ELPနှင့် MCများကိုမူ စီမံချက်အစပျိုးသည့်အချိန်အတွင်းတွင် မွမ်းမံရန် အထောက်အပံ့ပြုနိုင်မည်ဖြစ်ပါသည်။

IPများသည် ယင်းတို့၏အဆိုပြုလွှာများတွင် (အကြံအစည်ဖော်ပြချက် ခေါ်ယူပါက အကြံအစည်ဖော်ပြချက်တွင်) ယင်းတို့၏ လက်ရှိစောင့်ကြည့်အကဲဖြတ်နိုင်စွမ်းကို အောက်ပါအညွှန်းများဖြင့် တင်ပြသင့်ပါသည် _


- လက်ရှိ စောင့်ကြည့်အကဲဖြတ်ဝန်ထမ်း
- လက်ရှိ တိုင်းတာရေးဆောင်ရွက်ပုံများ
- ITအခြေခံအချက်အလက်သိုလှောင်/ထိန်းသိမ်းရေးစနစ်များ

အချို့IPစီမံချက်တို့အတွက် အဆက်မပြတ်MEALအထောက်အပံ့ပေးရန် သဘောတူနိုင်သည်။ ယင်းကို စီမံချက် ဒီဇိုင်းတွင် ထည့်သွင်းထားရမည်။ မိမိတို့၏စီမံချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်မည်ဟု တို့ထင်သော အထောက်အပံ့များကို IPတို့က ညွှန်းပြသင့်သည်။

---


[၂] စီမံချက်ကာလအလယ်သုံးသပ်ချက်၊ အပြီးသတ်ပြင်ပအကဲဖြတ်ချက်၊ ဆောင်ရွက်နေစဉ်စစ်တမ်းစသည်တို့၏ သတ်မှတ်ချက် အသေးစိတ်တို့ LIFT၏လုပ်ငန်းလမ်းညွှန်စာစောင်တွင် ပါရှိသည်။

## နောက်ဆက်တွဲ၁။ LIFTရလဒ်မူဘောင်



## နောက်ဆက်တွဲ ၂။ ပြောင်းလဲမှုသီအိုရီ(ဇယားနှင့်ဥပမာ)

မှတ်ချက်။ ဤToCသည် နမူနာသာဖြစ်ပြီးပြည့်စုံမှုမရှိသေးပါ။ စီမံကိန်းToCတစ်ခု၏ပုံစံကို ပြခြင်းသာဖြစ်သည်။



## နောက်ဆက်တွဲ၃။ တိုင်းတာရေးစီမံချက်(ဇယားနှင့်ဥပမာ)

- *ဤဇယားသည် ToCကို တိုက်ရိုက်အခြေခံထားသည်။ အညွှန်းများ၊ နည်းကိရိယာများ၊ ကြိမ်နှုန်းနှင့်ကောက်ယူသူများကို ဖြည့်သွင်းရမည်။*
- *စီမံကိန်းအဆင့်နှင့်စီမံချက်အဆင့် ရလဒ်များနှင့်အညွှန်းများသည် ခန့်မှန်းချက်သာဖြစ်သည်။ ရလဒ်နှင့်အညွှန်းအရေအတွက်သည် စီမံချက်ကမျှော်လင့်ထားသည်များကို မညွှန်းပြရ။*

| အမျိုးအစား * | ထုတ်လုပ်မှု/ရလဒ် | အညွှန်းများ | ရည်မှန်းချက် | | | နည်းကိရိယာ/နည်းစနစ် | ကြိမ်နှုန်း | ကောက်ယူသူ |
|---|---|---|---|---|---|---|---|---|
| | | | ပ-နှစ် | ဒု-နှစ် | တ-နှစ် | | | |
| PLO | အာဟာရ၊ အညစ်ကြေးစွန့်ပစ်ခြင်း၊ သန့်ရှင်းရေးဆိုင်ရာအလေ့အကျင့်များ ပိုမိုကောင်းမွန်လာခြင်း | • ဝမ်းစာဖူလုံသောလများ | | | | • အိမ်ထောင်စုစစ်တမ်း | • နှစ်စဉ် | • စစ်တမ်းကောက်သူ |
| PO | လယ်သမားများ စပါးအထွက်တိုးလာခြင်း | • စပါး ကီလိုဂရမ်/ ဟတ်တာ | | | | • အိမ်ထောင်စုစစ်တမ်း | • ရာသီလိုက် | • စစ်တမ်းကောက်သူ |
| PO | လယ်သမားများ ထွက်ကုန်ဈေးကောင်းရခြင်း | • စပါးတစ်ကီလိုရောင်းဈေး | | | | • အိမ်ထောင်စုစစ်တမ်း | • ရာသီလိုက် | • စစ်တမ်းကောက်သူ |
| PO | လယ်သမားများ ရိတ်သိမ်းချိန်လွန် သို့လှောင်ရေး ဈေးကွက်တင်ရေး နည်းစနစ်ကောင်းများကျင့်သုံးခြင်း | • စပါးသိုလှောင်ရေးစနစ် သုံးစွဲသူ လယ်သမား%<br>• စုပေါင်းရောင်းချသော လယ်သမား%<br>• ကန်ထရိုက်စာချုပ်ထားသော လယ်သမား%<br>• ဈေးတက်ချိန်တွင်ရောင်းချသော လယ်သမား % | | | | • သုံးစွဲမှုစစ်တမ်း | • ဆက်တိုက် | • အကြံပေး |
| PO | လယ်သမားများ စိုက်နည်းစနစ်ကောင်းများ ကျင့်သုံးခြင်း | • မြေဩဇာမှန်ကန်စွာသုံးစွဲသောလယ်သမား%<br>• မျိုးကောင်းမျိုးသန့်သုံးစွဲသောလယ်သမားများ % | | | | • သုံးစွဲမှုစစ်တမ်း | • ဆက်တိုက် | • အကြံပေး |
| O | လယ်သမားများသို့ မြေဩဇာနှင့် စက်ကိရိယာများထောက်ပံ့ခြင်း | • သွင်းအားစု ပေးသွင်းသူများ လွှမ်းခြုံနိုင်သော ရွာဦးရေ<br>• ရောင်းချရသောသွင်းအားစု | | | | • VDC မှတ်တမ်း<br>• ပေးသွင်းသူမှတ်တမ်း | • သုံးလပတ်<br>• လစဉ် | • VDCများ<br>• ကွင်းဝန်ထမ်း |
| O | လယ်သမားများသို့ အသေးစားချေးငွေ ထုတ်ချေးပေးခြင်း | • အသေးစားချေးငွေအုပ်စုဝင် အိမ်ထောင်ဦးရေ<br>• စိုက်ပျိုးရေးချေးငွေဦးရေ | | | | • MFI မှတ်တမ်း | • လစဉ် | • MFI များ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| O | လယ်ယာအကြံပေးများက စိုက်ပျိုးရေးနှင့်ဈေးကွက်တင်ရေး စနစ်ကောင်းများကို သင်ကြားပေးခြင်း | • အကြံပေးများက သင်ကြားပေးသော လယ်သမားဦးရေ (ဘာသာရပ်အလိုက်) | | | | • အကြံပေး မှတ်တမ်း | • သင်တန်း အလိုက် | • အကြံပေး |
| I | နယ်မြေအတွင်းရှိ သွင်းအားစု ပေးသွင်းသူများနှင့် MFIများကို ချိတ်ဆက်ပေးခြင်း | • MFIများ၊ သွင်းအားစုပေးသွင်းသူများနှင့် စာချုပ်ထားသော ရွာဦးရေ | | | | • စာချုပ် | • သုံးလပတ် | • သင်တန်း ဝန်ထမ်း |
| I | လယ်ယာအကြံပေးများကို ငှားရမ်းကာ လေ့ကျင့်ပေးခြင်း | • ရေးဆွဲပြီးသော သင်တန်းအမျိုးအစားဦးရေ<br>• သင်တန်းပေးထားသော အကြံပေးဦးရေ | | | | • သင်တန်း မှတ်တမ်း | • သုံးလပတ် | • သင်တန်း ဝန်ထမ်း |

* = PLO: Programme level outcome; PO: Project outcome; O: Output; I: Intervention.

## နောက်ဆက်တွဲ၄။ အကဲဖြတ်ရေးသင်ယူရေးစီမံချက်(ဇယားနှင့်ဥပမာ)

| | အကဲဖြတ်ရေးသင်ယူရေးမေးခွန်းများ | အဘယ်ကြောင့်ဤမေးခွန်းသည် အရေးကြီးသည် | မေးခွန်းကို ဖြေဆိုသင့်သည့် နည်းလမ်း |
|---|---|---|---|
| ၁။ | လယ်သမားများကို လယ်ယာနည်းစနစ်ကောင်းများ သင်ကြားရာတွင် မည်သည့်နည်းသည် အကောင်းဆုံးဖြစ်သလဲ။ | နည်းစနစ်များစွာရှိသည်။ ဤစီမံကိန်းသည် လယ်သမားသင်တန်းကျောင်း၊ လယ်ယာလုပ်ငန်းအကြံပေး၊ လယ်သမားအချင်းချင်းဟူသော နည်း၃ခုကို အသုံးပြုသည်။ အားလုံးတွင် အားသာချက်/အားနည်းချက် ရှိကြသည်။ အကောင်းဆုံးကို မဝေခွဲနိုင်ပါ။ | ရည်မှန်းကျေးရွာများအတွက် ကျပန်းနည်းများကိုသုံး၍ ဆောင်ရွက်မည် လုပ်ငန်းဆောင်ရွက်ခြင်းမရှိသော ကျေးရွာတစ်အုပ်စုကိုလဲ နှိုင်းယှဉ်ရန်အတွက် အသုံးပြုမည်ဖြစ်သည်။ ကျန်လုပ်ငန်းအားလုံးကို ရွာအားလုံးတွင် မဆောင်ရွက်ဘဲ ကြားနေအဖြစ်ထားရှိမည်။ ပုံမှန်စောင့်ကြည့်စစ်ဆေးမှုကိုလည်း အညွှန်းပြ/ အိမ်ထောင်စု/ ရာသီအလိုက်စစ်တမ်း နည်းစနစ်များဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ |
| ၂ | ကန်ထရိုက်လယ်ယာ၏ အကျိုးနှင့် အပြစ်တို့မှာ ဘာလဲ။ အကောင်းဆုံးဖြစ်အောင် မည်သို့လုပ်ရမည်လဲ။ | လယ်သမားများကို ထွက်ကုန်ဈေးကောင်းရရှိရန် အဓိကနည်းလမ်းတစ်ခုမှာ ကန်ထရိုက်လယ်ယာဖြစ်သည်။ သို့သော် ယင်းမှာ နည်းလမ်းအသစ်ဖြစ်သောကြောင့် အလားအလာ မည်သို့ ရှိမည်ကို ပိုမိုနားလည်ရန် လိုအပ်သည်။ | ကန်ထရိုက်လယ်ယာ၏ အကျိုးအပြစ်ရလဒ်တို့ကို စစ်တမ်းကောက်ယူမည်ဖြစ်သည်။ ပူးပေါင်းပါဝင်သော သုတေသနနည်းစနစ်ကိုအသုံးပြုပြီး ကန်ထရိုက်လယ်ယာမှ လယ်သမားများ အကျိုးအရှိဆုံး ရရှိနိုင်မည့် နည်းလမ်းကို စူးစမ်းမည်။ |
| ၃ | အဆင့်မြင့်အကျိုးများရရှိသဖြင့် မည်မျှထိရောက်သလဲ။ ငွေကုန်ရကျိုးနပ်သလဲ။ | စပါးတန်ဖိုးကွင်းဆက်တွင် လုပ်ကွက်ငယ်လယ်သမားများ၏အခြေအနေကို အားဖြည့်ခြင်းဖြင့် ဝင်ငွေကောင်းရန်နှင့် ရိက္ခာဖူလုံစေရန် ဤစီမံချက်က ရည်ရွယ်သည်။ | ဤစီမံချက်သည် စီမံကိန်းနယ်မြေနှင့်ပြင်ပမှ ရိက္ခာဖူလုံမှုနှင့် ဝင်ငွေအချက်အလက်တို့ကို နှိုင်းယှဉ်ခြင်းဖြင့် ဤစီမံချက်၏ လယ်သမားများ၏ ရိက္ခာဖူလုံမှုနှင့်ဝင်ငွေကို သက်ရောက်မှုအား အကဲဖြတ်မည်။ |